# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်

ရက်စွဲ (၂၀.၄.၂၀၂၁)

(၂၀.၄.၂၀၂၁)ရက်နေ့ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝှမ်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂)သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်-

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှုကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှုအားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ(၁၅)သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူစုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင်ကူးစက်ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုသို့ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိ သည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရောဂါဖြစ်ပွားသူဦးရေ (၄)သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော်ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁)ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာ

မြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦးရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့်ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများ သို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့်အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီး ရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်…နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင် ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ် များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**